## ၁၁ ဇွန် ၂၀၁၃

## အစီရင်ခံစာ

# အိန္ဒိယ နှင့် မြန်မာနိုင်ငံအတွင်းရှိ ကုလားတန် စီမံကိန်း

ပွင့်လင်းမြင်သာမှုနှင့် ဒေသခံများအကျိုးပြုရန် အရေးကြီး ဟု တက်ကြွလှုပ်ရှားသူများ ပြောကြား...

**(ဘန်ကောက်၊ ထိုင်းနိုင်ငံ)**

အစိုးရ၏ ကုလားတန် ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်မှုအပေါ် ပွင့်လင်းမြင်သာမှု မရှိခြင်းအကြောင်း မိမိတို့၏ စိုးရိမ်မှုများကို ကုလားတန်လှုပ်ရှားမှုအဖွဲ့၏ အစီရင်ခံစာသစ်မှ ထုတ်ဖော်လိုက်ပါသည်။ ၂၀၁၅ ခုနှစ်တွင်း စီမံကိန်းပြီးစီးရန် မှန်းထားသော သန်းပေါင်း (၂၁၄) ဒေါ်လာ ကုန်ကျမည့် ကုလားတန်ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းသည် ပြည်တွင်းရေကြောင်းလိုင်း နှင့် အဝေးပြေးကုန်းလမ်းပို့ဆောင်ရေးစနစ်ဖြင့် အိန္ဒိယအရှေ့မြောက်ဖက်ရှိ မီဇိုရမ်ပြည်နယ် နှင့် မြန်မာပြည်အရှေ့ဖက်၊ ဘင်္ဂလားပင်လယ်အော်ရှိ စစ်တွေဆိပ်ကမ်း၊ ရခိုင်ပြည်ကို ဆက်သွယ်မည် ဖြစ်သည်။ ဤဆိပ်ကမ်းမှ ကုန်တန်ချိန်မြင့် သင်္ဘောကြီးများမှအစ တန်(၃၀၀) တင်သင်္ဘောများ (၅၀ မီတာ မှ ၂၀၀ မီတာအရှည်ရှိ) ဖြင့် (၁၆၀) ကီလိုမီတာ ရှိသည့် ပြည်တွင်းရေကြောင်းလမ်း အသုံးပြုကာ လက်ရှိဆိပ်ခံတည်ဆောက်ဆဲဖြစ်သော ချင်းပြည်၊ ပလက်ဝကိုဖြတ်၍ ကုန်ပစ္စည်း ပို့ဆောင်မည် ဖြစ်သည်။

ပလက်ဝဆိပ်ကမ်းတွင် ကုန်များကို ကုန်တင်ကားများသို့ ရွှေ့ပြောင်းပြီး မကြာခင် တည်ဆောက်မည့် (၁၃၀) ကီလိုမီတာရှည် အဝေးပြေးလမ်းအတိုင်း တောင်ဖက်စွန်း (၁၆၃၄)ကီလိုမီတာ ရှည်လျားသည့် အိန္ဒိယ-မြန်မာနယ်စပ်ရှိ ဇိုရင်ပွီးရှိ ကုန်းလမ်းကြီးကြပ်ရေးဂိတ်မှတဆင့် သယ်ယူမည် ဖြစ်သည်။ အိန္ဒိယ၏ မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးရေးအကူအညီဟု အမည်ခံသည့် ဤစီမံကိန်း သည် အကယ်စင်စစ် အရှေ့တောင်အာရှတခွင် အိန္ဒိယ၏စီးပွားရေးနှင့် နိုင်ငံရေးအရ ဩဇာ လွှမ်းမိုးမှုချဲ့ထွင်ရေး "အရှေ့မျှော်မူဝါဒ" ၏ အုတ်မြစ်သာ ဖြစ်သည်။

**" ခြေကျုံ့ နှုတ်ရခက် ၊ ပြည်သူ့ အကျိုးပြု ကုလားတန်စီမံကိန်း ဖြစ်စေရေး "** ခေါင်းစဉ်ရ ဤအစီရင်ခံစာတွင် လက်ရှိပွင့်လင်းမြင်သာမှုမရှိခြင်းကြောင့် ဖြစ်ပေါ်နေသော အကျိုးဆက်များ နှင့် ဒေသခံများ၏ မျှော်လင့်ချက်နှင့် အမြင်များကို ဦးတည် ခြုံငုံ ပြုစုထားပါသည်။ အဓိက အားဖြင့် မြန်မာပြည်တွင် ဆင်းရဲမွဲတည်ဆုံးဒေသများဖြစ်ကြသည့် ရခိုင်နှင့် ချင်းပြည်တို့အတွက် ဤစီမံကိန်းအားဖြင့် ရရှိနိုင်ချေရှိသည့် အကျိုးမြတ်များကို ဤအစီရင်ခံစာမှ ထင်ဟပ်ပြထား ပါသည်။ ဤအစီရင်ခံစာတွင် အခြေခံဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များအပြင်၊ ဒေသခံတောင်သူ လယ်သမားများနှင့် လုပ်ငန်းရှင်များ ကုန်သွယ်ရေးအခွင့်အလမ်း လိုအပ်ချက်များကိုလည်း ဖော်ပြထားသည်သာမက၊ ဖြစ်လာနိုင်ခြေရှိသည့် မြေယာလုယက်သိမ်းဆည်းမှု၊ အတင်းအဓမ္မ

နှင်ထုတ်မှု၊ နှောင့်ယှက်မှု၊ အသက်မွေးဝမ်းကြောင်းဆုံးရှုံးမှုနှင့် စီမံကိန်းကြောင့် စစ်တပ်တိုးချဲ့မှုများ အကြောင်းကိုလည်း ဖော်ပြထားသည်။

"မြန်မာပြည်မှာ ဖွံ့ဖြိုးရေးနှင့်ဆိုင်တဲ့ ဆုံးဖြတ်ချက် ချတဲ့နေရာမှာ ဒေသခံပြည်သူတွေအနေနဲ့ အပြည့်အဝ ပါဝင်ခွင့်ရှိရပါမယ်" ဟု ကုလားတန်လှုပ်ရှားရေးအဖွဲ့တွင် အဓိကအဖွဲ့ဝင် တစ်ဦးဖြစ်သည့် ရခိုင်မြစ်ချောင်းများကွန်ယက်အဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးထွန်းဖော်ကပြောပါသည်။" ကုလားတန်စီမံကိန်း မစခင်မှာ ပတ်ဝန်းကျင်၊ လူမှုရေး၊ ကျန်းမာရေးနဲ့ဆက်စပ်တဲ့ အကျိုးသက်ရောက်မှုတွေကို အရင်လေ့လာ ဆန်းစစ်ပြီးတော့ ပြည်သူတွေကို အသိပေးရပါမယ်။ ဒီစီမံကိန်းက ပြည်သူကို အခြေပြုပြီး မလုပ်ရင်တော့ အိန္ဒိယနဲ့ မြန်မာကြား အကျိုးဖြစ်ထွန်းမှု မတိုးပဲနဲ့ တင်းမာမှုတွေ တိုးစေနိုင်ပါတယ် " လို့ သူက ဖြည့်စွက်ပြီး ပြောပါသည်။

ဇို ဌာနေလူမျိုးနွယ်စုဖိုရမ်မှ ဒါရိုက်တာ စီလာလ်ရဲမ်ရွတ်အာ က "ဒီစီမံကိန်းဒေသမှာရှိတဲ့ မီဇိုရမ်ပြည်နယ်က လူတွေအနေနဲ့ဒီစီမံကိန်းက စီပွားရေးအကျိုးမြတ်ရရှိရုံမဟုတ်ပဲ သဘာဝ ပတ်ဝန်းကျင်ကိုလည်း မထိခိုက်မယ့် ရည်ရှည်တည်တံ့မယ့် ဖွံ့ဖြိုးရေး ဖြစ်စေချင်တယ်။ အိန္ဒိယနဲ့ မြန်မာပြည်မှာရှိတဲ့ ဌာနေလူမျိုးနွယ်စုများအနေနဲ့ မိမိတို့ဘိုးဘွားပိုင်နယ်မြေကိစ္စတွေနဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက်တိုင်းမှာ ပါဝင်ခွင့်ရှိရမယ်။ ဘယ်ဖွံ့ဖြိုးရေး စီမံကိန်းမဆို လွတ်လပ်ပြီး၊ သိသာမြင်သာတဲ့အသိပေးမှုပေါ်မှာ အခြေခံရပါမယ်။ ကုလားတန် စီမံကိန်းကြောင့် မြေယာသိမ်းဆည်းထားတာတွေကို လုံလောက်တဲ့ လျော်ကြေးပေးမှု ရှိရမယ်" ဟုပြောပါသည်။

ဤအစီရင်ခံစာသည် ရခိုင်မြစ်ချောင်းများကွန်ယက်အဖွဲ့မှ ရခိုင်ပြည်၊ ချင်းလူ့အခွင့်အရေးအဖွဲ့မှ ချင်းပြည်၊ ဇို ဌာနေလူမျိုးနွယ်စုဖိုရမ်မှ မီဇိုရမ်ပြည်နယ်အတွင်း ကွင်းဆင်းလေ့လာတွေ့ရှိချက်များကို အခြေခံထားပြီး၊ မီဇိုရမ်ပြည်နယ် ကုလားတန်စီမံကိန်း နယ်မြေတလျှောက် နေထိုင်သူများ၏ ကြုံတွေ့နေရပြီဖြစ်သော လုံလောက်သည့် လျော်ကြေးမပေးပဲ မြေယာလုယက်သိမ်းဆည်းမှု၊ အတင်းအဓမ္မရွှေ့ပြောင်းစေမှု၊ ရခိုင်ပြည်အတွင်း လုပ်ငန်းခွင် ခွဲခြားဆက်ဆံမှု၊ ဒေသယဉ်ကျေးမှု အမွေအနှစ်များ ဖျက်စီးခံရမှုများကို ထောက်ပြထားသည်။

ဤအစီရင်ခံစာမှ ဤစီမံကိန်းနှင့်ပတ်သက်၍ အပြည့်အဝ ပွင့်လင်းမြင်သာမှု နှင့် ဒေသခံများ၏ အကြံဉာဏ်နှင့် ပါဝင်မှုအတွက် တောင်းဆိုထားသည်။ ချင်းလူ့အခွင့်အရေးအဖွဲ့မှ အစီအစဉ် ဒါရိုက်တာ ဆလိုင်းဇာအုပ်လိန်းက " ချင်းပြည်၊ ပလက်ဝဒေသခံတွေကို သူတို့ဒေသတွင်းမှာ ဖောက်လုပ်မယ့် အဝေးပြေးလမ်းအကြောင်းကိုတောင် အသိမပေးကြဘူး။ မသိတဲ့အခါကျတော့ သူတို့ ဒီစီမံကိန်းရဲ့အကျိုးကို ဘယ်လိုခံစားနိုင်မလဲ။ ဘယ်လို အကျိုးသက်ရောက်မယ်ဆိုတာ ဘယ်လိုသိကြမှာတုန်း" ဟုပြောပါသည်။

ကုလားတန်စီမံကိန်းအစီရင်ခံစာအရ ဤဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းကြီး၏အကျိုးကို ကုလားတန် စီမံကိန်း တကြောတွင်နေထိုင်သော လူပေါင်း (၁.၂) သန်းမှ ခံစားရမည် ဖြစ်သည်။ အစီရင်ခံစာက ဤစီမံကိန်း အကောင်အထည်ဖော်နေစဉ်ကာလအတွင်း မည်သည့်အကြောင်းကြောင့်မှ လူ့အခွင့်

အရေးချိုးဖောက်မှုကို လက်ခံမည်မဟုတ်ဟု သတိပေးထားပြီး၊ ဤစီမံကိန်းတွင် ပါဝင်ပတ်သက်သူများအားလုံးမှ သိသာထင်ရှားသည့် တာဝန်ယူမှု ရှိကြရန် တောင်းဆိုထားသည်။

"ဒီ စီမံကိန်းရဲ့အကျိုးအမြတ်တွေက အခွင့်နည်းခံလူထုအတွက် ဖြစ်ရပါမယ်။ ပွင့်လင်းမြင်သာမှု၊ လူထုအကြံအဉာဏ်ရယူမှု၊ သိသာထင်ရှားသည့် တာဝန်ယူမှုတွေ မရှိရင်တော့ ကုလားတန် စီမံကိန်းကို ဆိုင်းငံ့ရမှာ ဖြစ်ပါတယ်" ဟု ဆလိုင်းဇာအုပ်လိန်းက ဖြည့်စွက် ပြောဆိုထားပါသည်။

******


**အသေးစိတ် သိရှိ မေးမြန်းလိုပါက -**

ဦးထွန်းဇော် - အမှုဆောင်ဒါရိုက်တာ (ရခိုင်မြစ်ချောင်းများကွန်ယက်)

+66 816808934 or arakanrivers@gmail.com

**Salai Za Uk Ling** - အစီအစဉ်ဒါရိုက်တာ၊ ချင်းလူ့အခွင့်အရေးအဖွဲ့

+66 880097334 or info@chro.ca

**C. Lalremruata** - ဒါရိုက်တာ၊ ဇိုဥာနေလူမျိုးနွယ်စုဖိုရမ်

+66 804161250 (Thailand) or +91 8575186174 or remamizo@gmail.com